# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 12 , 2023 — Volume 66, Number 8


## ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၂၈ သိန်း ဈေးရှိနေပြီး ပေါ်ဆန်းမွှေးဆန် အိုးဝင်တစ်အိတ်လျှင် ကျပ်တစ်သိန်းဝန်းကျင် ပေါက်ဈေးရှိနေ

ရွှေဘိုပေါ်ဆန်း စပါးဈေးနှုန်း တင်း ၁၀၀ လျှင် ၂၈ သိန်းကျပ် ပေါက်ဈေးရှိနေပြီး ပေါ်ဆန်းမွှေးဆန်အိုးဝင် တစ်အိတ်လျှင် ကျပ်တစ်သိန်းဝန်းကျင် ပေါက်ဈေးရှိနေကြောင်း ရွှေဘိုပေါ်ဆန်းအသင်း ဗဟိုထံမှ စုံစမ်းသိရသည်။

လက်ရှိ ရွှေဘိုပေါ်ဆန်းစပါးဈေးနှုန်းများမှာ ပြီးခဲ့သည့် ဧပြီလမှစတင်ကာ တဖြည်းဖြည်း မြင့်တက်လာခဲ့ခြင်းဖြစ်ကာ ယခု မေလအတွင်း၌ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၈ သိန်းအထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းက အရည်အသွေးအမြင့် ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၄ သိန်းအထိ ရှိခဲ့ရာမှ ဧပြီနောက်ဆုံးပတ်တွင် စပါး တင်း ၁၀၀ လျှင် ငွေကျပ် သိန်း ၃၀ အထိ ရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

"ရွှေဘိုပေါ်ဆန်းစပါးဈေးက ကျွန်တော်တို့ဘက်မှာ တင်း ၁၀၀ ကို သိန်း ၃၀ ပေါက်နေသေးတယ်။ ဒါပေမယ့် ဝယ်လက် ပွဲစားတွေ လာဝယ်တာတော့ နည်းနေသေးတယ်။ တောင်သူတွေလက်ထဲမှာ စပါးက နိုင်ငံရေးအခြေအနေအရအရင်လို သိုလှောင်မထားနိုင်ကြတော့ဘူး။ အနည်းစုပဲ အရဲစွန့်ပြီး လှောင်ထားကြတာ။ လက်ရှိမှာ သိန်း ၃၀ ပဲ ပြောပြော ၂၈ သိန်းပဲ ပြောပြော တောင်သူတွေရဲ့လက်ထဲမှာ စပါးက မကျန်သလောက် ဖြစ်နေပြီလေ။ အရင် စပါးပေါ်ကာစက ၁၆ သိန်းဈေးကတည်းက အတော်များများ ရောင်းပြီးသွားကြပြီ။ အခုလို တက်ဈေးနဲ့ ရောင်းရတဲ့တောင်သူတွေက အနည်းငယ်ပဲ။ လက်ရှိမှာက ကုန်သည်ပွဲစားနဲ့ စက်ပိုင်တွေ လက်ထဲမှာပဲ ပေါ်ဆန်းစပါး(ဘေးကြား)က ကျန်တော့တာ။ စပါးဈေးတက်တော့ ဆန်ဈေးကလည်း လိုက်တက်မှာ သဘာဝပဲ။ ကုန်သည်ပွဲစား စက်ပိုင်တွေအနေနဲ့ တောင်သူတွေရဲ့ လက်ထဲမှာ စပါးမကျန်တော့တဲ့ အချိန်ရောက်မှ စပါးဈေးတက်တာက ဈေးကစားတာ မဖြစ်ဖို့တော့ လိုအပ်တာပေါ့" ဟု ရွှေဘိုခရိုင်အတွင်းမှ တောင်သူကြီးတစ်ဦးကဆိုသည်။

ရွှေဘိုပေါ်ဆန်းစပါး ဈေးနှုန်းများမှာ မိုးစပါးစတင်ပေါ်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက အမြင့်ဆုံးစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၆ သိန်းကျော်သာရှိခဲ့ရာမှ အဆိုပါဇန်နဝါရီလ အတွင်းပင် ကျပ်သိန်း ၂၀ ကျော်အထိ ရောက်ရှိလာခဲ့သည်။ ထို့ပြင် ရွှေဘိုပေါ်ဆန်းဆန် ဈေးနှုန်းမှာလည်း အိုးဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ကျော်မှ ငွေကျပ် ၇၀၀၀၀ ကျော်အထိ အဆိုပါ ဇန်နဝါရီလအတွင်း ရောက်ရှိလာခဲ့သည်။

၁၂.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၁၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၇၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

လက်ရှိအချိန်တွင် ရွှေဘိုပေါ်ဆန်းစပါး (ဘောကြား)အဟောင်း ကုန်သွားချိန်တွင် ဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာခဲ့ကာ လက်ရှိ မေလ ၁၀ ရက်တွင် ရွှေဘိုပေါ်ဆန်းစပါး အနိမ့် တင်း ၁၀၀ လျှင် ၂၆ သိန်းကျပ် အလတ် တင်း ၁၀၀ လျှင် ၂၇ သိန်းကျပ် အမြင့်ဆုံး တင်း ၁၀၀ လျှင် ၂၈ သိန်း အထိ ပေါက်ဈေးရှိနေပြီး ရွှေဘိုပေါ်ဆန်းမွှေးဆန် အရိုင်း တစ်အိတ်လျှင် အနိမ့်ဆန် ၈၅၀၀၀ ကျပ် အလတ်ဆန် ၈၆၅၀၀ ကျပ် အမြင့်ဆန် ၈၈၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းမွှေးဆန် အိုးဝင် တစ်အိတ်လျှင် အနိမ့်ဆန် ၉၄၀၀၀ ကျပ် အလတ်ဆန် ၉၆၀၀၀ ကျပ် အမြင့်ဆန် ၉၈၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး အဆိုပါ ဈေးနှုန်းများမှာလည်း အချိန်နှင့်နေရာဒေသအလိုက် စပါးအရည်အသွေးနှင့် ဆန်အရည်အသွေး ကုန်ပစ္စည်း အမှတ်တံဆိပ်တို့ပေါ်မူတည်ကာ ဈေးနှုန်းများမှာလည်း အပြောင်းအလဲရှိနိုင်ကြောင်း ရွှေဘိုပေါ်ဆန်းအသင်း ဗဟိုထံမှ စုံစမ်းသိရှိရသည်။

ရွှေဘိုပေါ်ဆန်းစပါး(ဘောကြား) ဈေးနှုန်းများမှာ မိုးစပါးစတင်ပေါ်ပေါက်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ မေလအထိ ခြောက်လတာ ကာလအတွင်း စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်းအထိ ဈေးတက်သွားခဲ့ခြင်း ဖြစ်ကာ ပေါ်ဆန်းမွှေးဆန်ဈေးနှုန်းများမှာလည်း ငွေကျပ် ၅၀၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ရွှေဘိုခရိုင်အတွင်း ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ မိုးရာသီကာလက ရွှေဘိုပေါ်ဆန်းမွှေးစပါး စိုက်ပျိုးခဲ့သည့် ဧကပေါင်းမှာ ၃၃၃၉၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရ သည်။

**Source:** https://news-eleven.com/article/248084

## ထိုင်းနိုင်ငံ၏ အစားအစာတင်ပို့မှု အလားအလာအပေါ် ထိုင်းနိုင်ငံ၊ National Food Institute ၏ သုံးသပ်ချက်

ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ဈေးကွက်များတွင်မသေချာမှု၊ ငွေကြေးဖောင်းပွမှုဖိအား၊ ငွေကြေးလဲလှယ်နှုန်းမတည်ငြိမ်မှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်များနှင့် မိုးခေါင်မှုစသည့် အခြေအနေများ ဖြစ်ပေါ်နေသော်လည်း ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးကို ဘတ် ၁.၅ ထရီလီယံ၊ ၂.၁ ရာခိုင်နှုန်း တိုးတက်မှုအတိုင်းရှိစေရန် ခန့်မှန်းထားကြောင်း၊ ယင်းသို့ ဖြစ်စေရန်အတွက် စီးပွားရေးကို ပြန်လည်ကောင်းမွန်စေမည့် အစိုးရ၏မူဝါဒများ၊ ကိုဗစ်နောက်ပိုင်း နိုင်ငံပွင့်လင်းလာမှု၊ ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် အစားအစာပြတ်လပ်မှု၊ အစားအစာဖူလုံမှုအပေါ် အလေးထားမှု၊ လုံခြုံစိတ်ချရပြီး အရည်အသွေးမြင့်မားသော ထိုင်းထုတ်ကုန်များစသည်တို့သည် အထောက်အပံ့ပေးမည့်အချက်များဖြစ်ကြောင်း National Food Institute ၏ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Anong Paijitprapaporn က ပြောကြားခဲ့ပါသည်။

တရုတ်ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် တရုတ်တောင်ပိုင်း ဈေးကွက်များတွင် အအေးခဲကြက်သား ကဲ့သို့သော ထုတ်ကုန်များအတွက် ဈေးကွက်အဆင်ပြေပြီး ကုန်သွယ်မှုပမာဏ တိုးတက်လာခဲ့ပါကြောင်း၊ သို့သော် တင်ပို့မှုကို နှောင့်နှေးစေသည့် အချက်များရှိပါကြောင်း၊ ယင်းတို့မှာ လောင်စာဆီ ဈေးနှုန်းမြင့်မားမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်ခြင်း၊ စားသုံးသူဝယ်လိုအား လျော့ကျစေနိုင်သည့် အမေရိကန်စီးပွားရေးနှင့် ဘဏ်ပြဿနာများ၊ ဂျပန်ယန်း အားပျော့လာမှုကြောင့် ဂျပန်သုံးစွဲသူများ၏ ဝယ်ယူမှုကျဆင်းလာခြင်းတို့ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့ပါသည်။
ငွေကြေးဖောင်းပွမှုပြဿနာသည် အမေရိကန်၊ ဥရောပနှင့်ဂျပန်ဈေးကွက်များရှိ ဝယ်လိုအားကို အကန့်အသတ်ဖြစ်စေပါကြောင်း၊ နာနတ်သီး၊ ပီလောပီနံ၊ ပုဇွန်နှင့် တူနာကဲ့သို့သော ကုန်ကြမ်းများကို အသုံးပြုသည့် အဓိကအစားအစာ ထုတ်လုပ်မှုကိုလည်း လျော့ကျစေနိုင်ပါကြောင်း ဆိုပါသည်။

ယခုနှစ် ပထမ ၃ လပတ်အတွင်း အစားအစာပို့ကုန်တန်ဖိုး ဘတ် ၃၄၆ ဘီလီယံ ရှိကြောင်း၊ ၁၀ ရာခိုင်နှုန်း မြင့်တက်လာပါကြောင်း၊ ယင်းအစားအစာများတွင် သကြား၊ ဆန်၊ ကြက်သားနှင့် လတ်ဆတ်သောသစ်သီးများ ပါဝင်ပါကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် အစားအစာထုတ်ကုန်များအတွက် ဝယ်လိုအားမြင့်တက်လာခြင်း၊ အစားအစာလုံခြုံစိတ်ချမှုအပေါ် အလေးထားလာခဲ့ခြင်း၊ ယူကရိန်း ပဋိပက္ခနှင့် အယ်လ်နီနို (El Nino) ဖြစ်စဉ်များကြောင့် ဆိုးရွားလာသော ရာသီဥတုတို့ကြောင့်ဖြစ်ကြောင်း ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းချုပ်၊ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် National Food Institute တို့က ပူးတွဲထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ အစီရင်ခံစာတွင် သကြား ဘတ် ၄၈.၃ ဘီလီယံ၊ ဆန် ဘတ် ၃၈.၁ ဘီလီယံ၊ ကြက်သား ဘတ် ၃၆.၂ ဘီလီယံနှင့် လတ်ဆတ်သောသစ်သီးများ ဘတ် ၂၇.၅ ဘီလီယံတို့ဖြင့် အသီးသီးတိုးမြင့် တင်ပို့နိုင်ခဲ့ကြောင်းဖော်ပြထားပါသည်။

ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပို့ကုန်ပမာဏ ဘတ် ၇၆၆ ဘီလီယံ (၅.၂ ရာခိုင်နှုန်း) တိုးတက်ရန် ခန့်မှန်းထားကြောင်း Ms. Anong က ပြောကြားခဲ့ပါသည်။

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**Source: www.bangkok.gov**

## ပြည်တွင်းရှိ ပဲများ လက်ကျန်နည်းလာတာကြောင့် အိန္ဒိယကုန်သည်များ ဝယ်လိုအား မြင့်တက်လာ


မကွေးဂျာနယ်

ပြည်တွင်းရှိပဲများ လက်ကျန်နည်းလာတာကြောင့် အိန္ဒိယကုန်သည်များ ဝယ်လိုအား မြင့်တက်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်း ပဲမျိုးစုံအထွက်နှုန်း ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ရာ ပို့ကုန်ပဲများအပါအဝင် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် ရောင်းချခဲ့ရာ လက်ရှိအချိန်တွင် ပြည်တွင်းလက်ကျန် ပဲသစ်များ ပစ္စည်းပြတ်လပ်ချိန် စောနိုင်သဖြင့် ပို့ကုန်ပဲသမားများ ဝယ်လိုအားကောင်းနေတာကြောင့် မတ်ပဲနှင့် ပဲစင်းငုံမှာ ဆက်လက် ဈေးမြင့်တက်နေကြောင်း တရုတ်လိုင်းတင်ပို့သည့် နှမ်း၊ မြေပဲများမှာ တရုတ်နယ်စပ် အခွန်ဆိုင်ရာကိစ္စရပ်များ မရှင်းလင်းသေးတာကြောင့် အရောင်းအဝယ်အေးနေကြောင်း၊ ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများလည်း လိုက်ပါဈေးမြင့်တက်လာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

“ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံ ဆက်လက်ဈေးမြင့်တက်နေပါတယ်။ အိန္ဒိယပဲကုန်သည်များ၏ အဝယ်သွက်လာတာကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လာပါတယ်။ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀-၂၄၀၀၀၀၊ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၁၂၀၀၀-၂၁၃၀၀၀ ပေါက်ဈေး ဖြစ်လာပါတယ်။ ပြည်တွင်းပဲ အထွက်နှုန်းနည်းပါးခြင်း၊ အိန္ဒိယကုန်သည်များ၏ ပဲလိုအပ်ချက် များပြားခြင်း၊ လက်ရှိအချိန်တွင် ပို့ကုန်ပဲများ သဘော်တင်ကာလဖြစ်တာကြောင့် ယခုလို ဈေးဆက်တိုက် မြင့်နေခြင်းဖြစ်ပါတယ်။ တရုတ်လိုင်းတင်ပို့နေသည့် ပဲများမှာ သီတင်းပတ်သုံးပတ်ခန့်အထိ ဆက်တိုက် ဈေးအေးနေပါတယ်။ ပို့ကုန်ပဲများ ဈေးမြင့်တက်တာနဲ့ ပြည်တွင်းသုံး ကုလားပဲများလည်း လိုက်ပါဈေးမြင့်တက်လာရာ ကုလားပဲ V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက် ဈေးမြင့်တက်လာပါတယ်။ ပြည်တွင်းသုံး ကုလားပဲများမှာလည်း လက်ကျန် နည်းပါးလာတာကြောင့် ရောင်းသူဈေးကွက်ဖြစ်နေပြီး ဈေးကွက်အတွင်း ပစ္စည်းစောစော ပြတ်လပ်မယ့် သဘောရှိပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးမြင့်တက်မှုမရှိသော်လည်း အရောင်းအဝယ် ခပ်သွက်သွက် ရှိနေပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် သုံးသိန်းအောက်ကျဆင်းနေပေမယ့် မြေပဲနီ လုံးဆန်မှာ တစ်ပိဿာ ငွေကျပ် ၇၅၀၀-၇၈၀၀ ပေါက်ဈေးရှိနေပါတယ်။ ပဲသစ်ရာသီ စပေါ်ချိန်ကတည်းက အခုချိန်အထိ အမြင့်ဈေးတန်းဖြင့် တောင်သူများ ရောင်းချခဲ့ရသော်လည်း အခြားသွင်းအားစု မျိုး၊ မြေဩဇာ၊ လုပ်သားဈေးနှင့် စက်သုံးဆီ ဈေးများ ကြီးမြင့်တာကြောင့် တောင်သူများ အကျိုးအမြတ်နည်းပါးခဲ့ပါတယ် ” ဟု ၎င်းကပြောသည်။

မေ ၁၁ ရက်တွင် ဆက်တိုက် ဈေးမြင့်တက်နေသည့် ပို့ကုန်မတ်ပဲ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၁၁၀၀၀-၂၁၂၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀-၂၄၀၀၀၀၊ ပဲတီစိမ်းရွှေဝါ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၂၂၀၀၀ ပေါက်ဈေးသာရှိပြီး တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဆက်လက်ဈေးမြင့်တက်လာကြောင်း မန္တလေး ကုန်စည်ဒိုင်ပေါက်ဈေးများအရ သိရသည်။

ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများ ဈေးမြင့်တက်လာရာ မေ ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင်ငွေကျပ် ၂၂၁၀၀၀၊ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ ပဲထောပတ်တစ်အိတ် ငွေကျပ် ၂၅၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ်၂၈၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၇၈၀၀- ၇၉၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၂၀၂၃ ခုနှစ် မတ်လတွင် ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄.၉၃ ဘီလီယံရှိ

ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြမှုမှာ ၂၀၂၃ ခုနှစ်မတ်လတွင် မြင့်တက်လာကြောင်း Philippines Statistics Authority (PSA) စာရင်းများအရ သိရှိရပါသည်။ ၉-၅-၂၀၂၃ ရက်စွဲပါ အချက်အလက်များအရ ကုန်သွယ်မှုလိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၄.၉၃ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၄.၅၉ ဘီလီယံသာရှိသဖြင့် ကုန်သွယ်မှုလိုငွေပြမှုမှာ မြင့်တက်လာခဲ့ပြီး ၂၀၂၂ ဖေဖော်ဝါရီလက အမေရိကန်ဒေါ်လာ ၃.၉၁ ဘီလီယံဖြစ်သောကြောင့် ကွာဟမှုရှိကြောင်း ဖော်ပြပါရှိပါသည်။

တိုင်းပြည်၏ စုစုပေါင်းပို့ကုန်ရောင်းရငွေမှာ ၂၀၂၃ ခုနှစ် မတ်လတွင် အမေရိကန်ဒေါ်လာ ၆.၅၃ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၉.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အီလက်ထရောနစ်ပစ္စည်းများတင်ပို့မှုမှာ တစ်နှစ်ထက် တစ်နှစ်ထက် ကျဆင်းလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၃.၉၆ ဘီလီယံရှိရာမှ ၂၀၂၃ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၃.၄၉ ဘီလီယံထိ လျော့ကျခဲ့ပါသည်။ အလားတူအုန်းဆီ(စားသုံးဆီ) တင်ပို့မှု အမေရိကန်ဒေါ်လာ ၅၁.၈၂ သန်းနှင့် ခရီးဆောင်အိတ်နှင့် လက်ကိုင်အိတ်များတင်ပို့မှုမှာလည်း အမေရိကန်ဒေါ်လာ ၃၄.၆၉ သန်းထိကျဆင်းခဲ့ပါသည်။

ဖိလစ်ပိုင်ပို့ကုန်များအတွက် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁.၄၂ ဘီလီယံရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၂၁.၈ ရာခိုင်နှုန်း ရှိပါသည်။

စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ ၂၀၂၃ ခုနှစ် မတ်လတွင် အမေရိကန်ဒေါ်လာ ၁၁.၄၆ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၁၁.၇၇ဘီလီယံရရှိခဲ့သဖြင့် နှိုင်းယှဉ်ပါက ၂.၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ သို့ရာတွင် သွင်းကုန်တန်ဖိုးမှာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၈.၉၈ ဘီလီယံရှိရာမှ မြင့်တက်လာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် မတ်လတွင် သွင်းကုန်ပမာဏမှာ အုပ်စုအလိုက်ကျဆင်းခဲ့ပြီး စက်သုံးဆီနှင့်ချောဆီအုပ်စုတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၅၁၉.၂၈ သန်း၊ အီလက်ထရောနစ်ပစ္စည်းတင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၄၁၅.၂၉ သန်းနှင့် ဆေးနှင့်ဆေးဝါးပစ္စည်း အုပ်စုတွင် အမေရိကန်ဒေါ်လာ ၂၂၁.၀၁ သန်းထိ အသီးသီးကျဆင်းခဲ့ပါသည်။

ဖိလစ်ပိုင်သွင်းကုန်များအတွက် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂.၅၇ ဘီလီယံရှိပြီး စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၂၂.၄ ရာခိုင်နှုန်းရှိကြောင်း၊ တိုင်းပြည်၏ ကုန်သွယ်မှုလိုငွေပြငွေမှာ၂၀၂၃ ခုနှစ်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၁၄.၅၈ ဘီလီယံ ရှိပြီး ၂၀၂၂ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၃.၀၈ ဘီလီယံရှိရာမှ တိုးမြင့်လာခြင်းဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လကာလအတွင်း အမေရိကန် ဒေါ်လာ ၁၆.၈၆ ဘီလီယံ ရှိပြီး ၂၀၂၂ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၉.၄၃ ဘီလီယံရှိသည့်အတွက် နှိုင်းယှဉ်ပါက ၁၃.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ အလားတူသွင်းကုန်တင်သွင်းမှုမှာလည်း အမေရိကန်ဒေါ်လာ ၃၁.၄၄ ဘီလီယံရှိပြီး အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃၂.၅၁ ဘီလီယံရှိသဖြင့် နှိုင်းယှဉ်ပါက ၃.၃ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။

လာမည့်ကာလများတွင် အမေရိကန်စီးပွားရေးကျဆင်းနေမှု၏ ရိုက်ခတ်မှုကြောင့် ပို့ကုန်တင်ပို့မှုတွင် အခက်အခဲများ ကြုံတွေ့နိုင်သော်လည်း အဓိကသွင်းကုန်ပစ္စည်းများနှင့် စက်သုံးဆီတင်သွင်းမှုတွင် ဖြေလျှော့မှုများရှိနိုင်ကြောင်း Rizal Commercial Banking Corp ၏ စီးပွားရေးအကြံပေးအရာရှိမှ ပြောကြားခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဈေးနှုန်းများဖြစ်သည့် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ဂျုံ၊ ပဲပိစပ်၊ သံ၊ စတီး၊ ကြေးနီ၊ နီကယ်သတ္တုဈေးနှုန်းများ အပြောင်းအလဲရှိပါက တိုင်းပြည်၏သွင်းကုန်တန်ဖိုးအား လျှော့ချပေးနိုင်ပြီး ကုန်သွယ်မှုလိုငွေပြငွေနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့အား လျော့ကျစေနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

**(စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်)**

**Source:** https://www.philstar.com/business/2023/05/10/2265060/trade-deficit-widens-493-billion-march

## ASEAN Indo – Pacific Forum ၌ ကျင်းပမည့်ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ကြား

အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျကာတာမြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့ အထိ ASEAN Indo-Pacific Forum ၌ ကျင်းပမည့် ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါဖိုရမ်၌ Green Infrastructure and Supply Chain ၊ Digital Transformation and Creative Economy နှင့် Sustainable and Innovative Financing ဟူ၍ ခေါင်းစဉ်ခွဲ ၃ ခုဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ခေါင်းစဉ်ခွဲ(၃)ခုနှင့် ပတ်သက်သည့် Panel discussion များ၊ Talk Show များပြုလုပ်၍ ဒေသတွင်း အခြေခံအဆောက်အဦ စီးပွားရေးလုပ်ငန်းများပါဝင်သည့် ပြပွဲတစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့များ၊ မိတ်ဖက်များအား ပြပွဲတွင်ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းများရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%80%BA%E1%

## STOCK EXCHANGE (12.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 8,144,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -300 | -3.66% | 7,900 | 7,900 | 7,900 | 115 | 908,500 | 33,109,694 | 261,567 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,950 | 2,950 | 2,800 | 612 | 1,719,300 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 50 | 350,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,400 | +0 | +0.00% | 1,450 | 1,450 | 1,400 | 3,585 | 5,022,350 | 29,664,613 | 41,531 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 30 | 144,000 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 12th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 350.89 | -6.74 | -1.88% | 358.47 | 359.84 | 350.89 | 4,392 | 8,144,150 | 7 | 618,296 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th May, 2023

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 8,144,150 (MMK) |

### Main Board

As of 1:00 pm, 12th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 8,144,150 (MMK) |

| MYANPIX | 350.89<br>▼ 6.74 |
|---|---|
| Total Volume (shares) | 4,392 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 618,296 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 300 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,400 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |

TIR